# နှုတ်ဆက်ခြင်းနှင့် ကြိုဆိုခြင်း

ဘဲရိုင်းစိမ်းက မေဖူးအတွက် နေ့တိုင်း ငါးတစ်ကောင် ယူလာပေးတယ်။ သူ့ကို ကျေးဇူးများစွာ တင်ရပါတယ်။ သူမ ဗိုက်ထဲမှာ အစာအတွက် ပူပင်မနေရဘဲ ဝပ်ကျင်းမှာ အေးအေးဆေးဆေးဝပ်နေနိုင်တယ်။ သူဘာကြောင့် စပါးကျီဆီ ပြန်မသွားပါလိမ့်။ ဘာလို့ သူမကို အစာကျွေးနေရပါလိမ့်။ သည်အသိုက်နားတစ်ဝိုက် တစ်ညလုံး ဘာကြောင့် လမ်းလျှောက်နေပါလိမ့်။ သူမမှာ သူ လုပ်ပုံကိုင်ပုံ နေထိုင်ပုံနဲ့ ပတ်သက်ပြီးစူးစမ်းချင်စိတ် ဖြစ်ပေါ်လာပါတယ်။ ဒါပေမဲ့ မေးဖို့ အချိန်မရခဲ့ဘူး။ အစာကို သူမအနား သယ်လာပေးရုံအပြင် သူအနား ကပ်မလာဘူး။ သည်တော့လည်း သူမ မလှုပ်မယှက်ဝပ်နေနိုင်တာပေါ့လေ။ သူမ တိုးတိုးလေး ပြောလိုက်တယ်။

"ကလေးရေ၊ ဘဲရိုင်းစိမ်း ဒီတောင်ကုန်းပေါ်တက်လာပြီး ခပ်ဝေးဝေးတစ်နေရာကို လှမ်းကြည့်နေတယ်လေ။ ငါ ထင်တာ ရေလှောင်ကန်ရဲ့ ဟိုးအဝေးကို ထင်ပါရဲ့။"

တစ်ညလမင်းကြီး ထူးထူးခြားခြား ထိန်ထိန်သာနေတဲ့ အချိန် ဘဲရိုင်းစိမ်းက သူ့အတောင်ပံ တဖြန်းဖြန်းခတ်ရင်းနဲ့ လျှောက်ပြေးနေတာကို တွေ့ရတယ်။ ဒါက တကယ့်အသစ်ပဲ။ သူတစ်ခါမှ ခြံထဲမှာ ဒါမျိုး မလုပ်ဖူးဘူး။ ပထမဆုံးအကြိမ်အနေနဲ့ သူမ မြင်လိုက်တာက

ဘဲရိုင်းစိမ်းဟာ မြန်နိုင်သမျှ မြန်မြန် တကားကားနဲ့ လျှောက်သွားနေတာကိုပါ။ မေဖူးက ဦကလေးကို ပြောလိုက်ပြန်တယ်။

'ကလေးရေ… ဘဲရိုင်းစိမ်းရဲ့ ညာတောင်ပံကိုအပြည့်ကားလို့ မရဘူး။ ဘာလို့ပါလိမ့်။ စဉ်းစားလို့မရဘူး။ ဒါပေမဲ့ သူ့ ဘယ်တောင်ပံက ပိုကြီးပြီး ငါ ထင်တာထက် ပိုအားကောင်းနေသလိုပဲ။ သူ့ အတောင်ပံတွေက အခြားဘဲတွေနဲ့ မတူဘူး။"

ညဘက်မှာ ဘဲရိုင်းစိမ်း ဒီလိုပဲ လျှောက်ပြေးနေတယ်။ မေဖူးကတော့ ဦကလေးကို ပုံပြင်များစွာ ပြောပြဖြစ်တယ်လေ။ ဒါမှမဟုတ် သားချော့တေး တစ်ပုဒ်ပြီးတစ်ပုဒ်ဆိုဖြစ်တယ်။ ဘဲရိုင်းစိမ်းရဲ့ တဂွက်ဂွက်မြည်ပြီး တောင်ကုန်းတစ်ဝိုက် ဆူညံတဲ့အသံကြောင့် ဦကလေး လန့်သွားမှာစိုးလို့လေ။ ဘဲရိုင်းစိမ်းက ကခုန်နေပုံပေါက်နေပေမယ့် မေဖူးက ဘာမှမတတ်နိုင်ဘူးဆိုသည့်တိုင်အောင် ပူပန်မိတယ်။ သူ့ အပြုအမူတွေဟာ ပိုပိုပြီး အပြောင်းအလဲ မြန်နေသလိုပါပဲ။ ဒါပေမဲ့ ဒီအကြောင်းကို သူ့ကို မမေးဖြစ်ခဲ့ပါဘူး။ အထူးသဖြင့် နေ့စဉ် သူမ အတွက် စေတနာဗရပွနဲ့ အစာယူယူလာပေးတာနဲ့ ပတ်သက်ပြီး သူ့ကို ရှက်ကိုးရှက်ကန်းလည်း မဖြစ်စေချင်ဘူး။

လဆုတ်ရက်တွေရောက်လာတဲ့အခါ ဘဲရိုင်းစိမ်းရဲ့အကတွေက ပိုပြီး စိပ်လာခဲ့သလို မေဖူးရဲ့စိုးရိမ်စိတ်တွေက ပိုပြီးခိုင်မာလာခဲ့ပါတယ်။ လဆန်းရက်ကတည်းက မေဖူး ကြက်ဥပေါ် ဝပ်လာခဲ့ပါတယ်။ ဥထဲက ကလေးလည်း တော်တော်ထွားလာပါပြီ။ နှလုံးခုန်သံက ပိုအားကောင်းလာပါတယ်။ မကြာခင် ဥခွံအက်ကြောင်း ပေးတော့မှာပါ။ ဒါပေမဲ့ မေဖူး စိုးရိမ်တာက ဘဲရိုင်းစိမ်းခမျာကလေးကိုများ ကြောက်နေမလားပေါ့။ ရက်အတော်ကြာသွားပြီးတော့ ဘဲရိုင်းစိမ်းအချို့ ညတွေမှာ ပျောက်နေသော်လည်း သူ့ကြောင်တောင်တောင်အကကိုတော့

တင်ဆက်နေတုန်းပါပဲ။ မေဖူး အောင့်အည်းသည်းညည်းခံပြီး အားပေးရတာပေါ့။

တစ်ညမှာ ဘဲရိုင်းစိမ်း စည်းမဲ့ကမ်းမဲ့ မရပ်မနားတမ်း ကခုန်နေပြန်ပါတယ်။ တစ်မေးမှကို မအိပ်တာ။ သူ့ကို တစ်စုံတစ်ယောက်က နောက်ကလိုက်နေသလိုကို ပြေးလွှားနေတော့တယ်။ ခါတိုင်းထက်ကို ဆိုးပါတယ်။ မေဖူးလည်း သည်ရုတ်ရုတ်ရုတ်ရုတ်အသံကြောင့် နိုးလာပြီး သူ့ကို စကားပြောဖို့ ဆုံးဖြတ်လိုက်တယ်။ ဘဲရိုင်းစိမ်းကတော့ သူ့ရဲ့မိတ်ဆွေကောင်းတစ်ယောက် ဖြစ်တာတော့ မှန်ပါတယ်။ဒါပေမဲ့ ဒါကတော့ နည်းနည်းများသွားပြီ။ မေဖူးမျက်လုံးကို မှိတ်လိုက်ပြီး ဘဲရိုင်းစိမ်းရေလှောင်ကန်ဘက် မလာခင် နံနက်ပိုင်းမှာ အနားယူလိုက်တယ်။ ခဏကြာတော့ ဘဲရိုင်းစိမ်း သူ့အတွက် ငါးတစ်ကောင် သယ်လာပါတယ်။ မေဖူး သူ့ရဲ့ငိုက်မျဉ်းနေတဲ့မျက်လုံးကို ဖွင့်ရင်း စူးစမ်းရင်းနဲ့ ခေါင်းခါလိုက်ပြီးတော့–

“ဒါမျိုး နောက်ထပ် မလုပ်ပါနဲ့တော့။ ညဘက်မှာလည်း သိပ်ဆူဆူညံညံတွေ မလုပ်စေချင်ဘူး။”

ဘဲရိုင်းစိမ်း ဘာမှ ပြန်မဖြေဘူး။ သူ သိပ်ပင်ပန်းနေပုံရတယ်။

“မင်း ငါ့အပေါ် ကောင်းလွန်းပါတယ်။”

မေဖူး ဆက်ပြောတယ်။

“သိပ်လည်း ကျေးဇူးတင်ပါတယ်။ မင်း ငါ့အတွက် လုပ်ပေးခဲ့တာတွေအတွက် ငါ လုံးဝ မမေ့ပါဘူး။ ဒါပေမဲ့ မင်းသိတဲ့အတိုင်းပဲ ငါ ဥဖောက်နေတဲ့ အချိန်လေ။”

ဘဲရိုင်းစိမ်း ဆက်လက်ငြိမ်သက်နေပါသေးတယ်။

မေဖူးက သူ့ခံစားချက်ကို နာအောင်ပြောမှ ဖြစ်တော့မယ်လေ။ သူမလုပ်နိုင်ခဲ့တာတွေက ညည်းညူရုံလောက်ပဲ ဖြစ်ပါတယ်။ သေမင်း

နှုတ်ခမ်းက သူမကို ကယ်တင်ခဲ့စဉ်အချိန်မှာရော သူမ စပါးကျီမှာ နေနိုင်ဖို့ သူမအနားမှာ မားမားမတ်မတ် ရပ်တည်ပေးခဲ့စဉ်ကရော သူမ အတွက် အစာတွေ ယူလာပေးစဉ်မှာရောပေါ့။

ဘဲရိုင်းစိမ်း ရေလှောင်ကန်ဘက်ဆီ ငေးကြည့်နေပါတယ်။ နက်နက်နဲနဲအတွေးတွေနဲ့ပါ။

တောင်းပန်တိုးလျှိုးသံနဲ့ မေဖူး ပြောလိုက်တယ်။

“ငါ အဆင်ပြေပါတယ်။ ငါ့လက်သည်းတွေ သန်မာလာပြီး ငါ့နှုတ်သီးလည်း သန်စွမ်းလာပါပြီ။ သားစားဖျံညီ ပြန်လာခဲ့ရင်တောင် ငါ ပြန်မတီးဘဲနဲ့တော့ မနေတော့ဘူး။ သည်တော့ မင်းကိစ္စ မင်းလုပ်ဖို့ သွားနိုင်ပါပြီ။”

ဘဲရိုင်းစိမ်း သူမကို ပြန်ကြည့်လိုက်တယ်။ သူ့လည်ဆံမွေးတွေ တုန်သွားတယ်။ မေဖူးအနေနဲ့ ဖျံညီအကြောင်း ထည့်မပြောသင့်ပါဘူး။

“သားပေါက်ချိန်က လမိုက်ညဖြစ်နိုင်တယ်”

သူ ညည်းတွားလိုက်တယ်။ မေဖူးတွေးနေတာက ဘာကြောင့်များ သူဥပေါက်ချိန်ကို စောင့်နေပါလိမ့်ပေါ့။ သူကလည်း ရှင်းမပြဘူးလေ။ ရေလှောင်ကန်နား မပြန်ခင်တော့ သူပဟေဠိဆန်ဆန် ပြောလိုက်တာက–

“ငါနောက်တစ်ကြိမ်လောက် ဖြစ်ဖြစ်ရေကူးနိုင်လို့ကတော့”

အဲဒီညကိုတော့ တိတ်ဆိတ်စွာ ဖြတ်သန်းခဲ့ပါတယ်။ မေဖူးက သတိကြီးစွာနဲ့ လဆန်းလဆုတ်ရက်တွေကို မှတ်သားနေမိပါတယ်။ လဆန်းကလပြည့်ပြန်ဖြစ်လို့ နေပါပြီ။ ခုတစ်ခါ ညစဉ်လက ပြန်ဆုတ်နေပါပြီ။ မကြာမီလကွယ်ည ဖြစ်တော့မှာပါ။ ဥကို ဝပ်ကျင်းပေးတဲ့ ရက်က ထင်ထားတာထက် ပိုကြာနေသလို သူမ ခံစားရပါတယ်။

ဒါပေမဲ့ ဥအတွင်းနှလုံးခုန်သံက ပိုမိုအားကောင်းလာပါတယ်။ ဘဲရိုင်းစိမ်းက ခါတိုင်းလိုပဲ အစာတွေ သယ်လာပေးသေးတယ်။

"မေဖူးအရင်က ပြောခဲ့ဆိုခဲ့တာတွေအတွက် တောင်းပန်ချင်ပါတယ်။ မင်းအစာတွေ သယ်လာပေးတဲ့အတွက်လည်း ငါ တေးမှတ်မထားပါဘူး။ မင်းအတောင်ပံကို အဲဒီလို ဖြန့်လိုက်တဲ့အခါ မင်းကနေသလိုပါပဲ။ မင်းအဝေးကို ပျံသွားတဲ့အခါမှာလည်း လှပပြီး လွတ်လပ်မှုကို ခံစားရပါတယ်"

မေဖူး သူမအတောင်ပံကို ဖြန့်လိုက်ပြီး ခေါင်းခါရမ်းလို့ နှစ်သိမ့်လိုက်ပါတယ်။ သူမ လုပ်သမျှ အရာမထင်ခဲ့ပါဘူး။ သူမရဲ့ တောင်ပံတွေက ပျံဖို့မှမဟုတ်တာ၊ အလှပြရုံသက်သက်ပါလေ။

ဘဲရိုင်းစိမ်း တိုးတိုးတိတ်တိတ် မေးလိုက်ပါတယ်။

"အဝေးကို ပျံသွားမှာလား"

သူ ရေလှောင်ကန်ဘက်ကို ဆွေးဆွေးမြည့်မြည့်ကြည့်ရင်း တီးတိုးရေရွတ်လိုက်ပါတယ်။

"ငါ... တကယ်လို့များ... ငါ... ပျံသန်းနိုင်ဦးမယ်ဆိုရင်..."

"မင်းရဲ့တောင်ပံတွေက အခြားဘဲတွေနဲ့ မတူဘူး။ မင်းရဲ့ ညာတောင်ပံက နည်းနည်းလေး ထူးခြားနေသည့်တိုင်အောင်ပေါ့လေ။"

"အတိအကျပဲ။ ငါ လောင်းရဲတယ်။ ငါ့ပုံက ရယ်စရာ ဖြစ်နေတယ်။ ငါ့ညာတောင်ပံပေါ့ကွာ။"

ဘဲရိုင်းစိမ်း အတန်ကြာငြိမ်သက်နေရင်းက မေဖူး သူ သယ်လာတဲ့ အစာကို စိတ်အားထက်သန်စွာ ထိုးဆိတ်နေတာကိုစောင့်ကြည့်နေပါတယ်။ အစာစားပြီးတော့ မေဖူးဟာ လေ့ကျင့်ခန်းတစ်ခုအနေနဲ့ မြေကြီးကို တူးဆွပြီး ဖုန်တွေနဲ့ သူမခန္ဓာကိုယ်ကို လူးလိုက်တယ်။ သူမခန္ဓာကိုယ်က သည်တော့မှ ယားယံတာလေးတွေ သက်သာသွား

တယ်။

"ဥပေါက်ဖို့တောင် အချိန်အတော်နီးနေပြီ။ ဟုတ်တယ်နော်။"

ဘဲရိုင်းစိမ်းက ညင်သာစွာမေးလိုက်တယ်။

"ပေါက်မယ့်ရက်တောင် တော်တော်လွန်သွားပြီ ထင်တယ်နော်။ တကယ်ဆို ပေါက်ဖို့ သင့်နေပြီ။"

မေဖူးက သူနဲ့ ဘေးတိုက် ဖိမ်နဲ့ထိုင်နေရင်းနဲ့ စကားစမြည် ပြောနေတော့တယ်။

"အဲ… ဒါ ဖြစ်လည်းနောက်တော့ပေါ့။ တကယ်လို့ ဥပေါက်လာ ခဲ့ရင် မင်းကြက်မကြီးတစ်ကောင်ဖြစ်ပြီ။"

ဘဲရိုင်းစိမ်းက အထစ်ထစ်အငေါ့ငေါ့နဲ့ ပြောလိုက်တယ်။ ခဏ ငြိမ်သက်သွားတဲ့အချိန်မှာ စိတ်လှုပ်ရှားစွာနဲ့ မြေကြီးကို သူ့နှုတ်သီးနဲ့ ထိုးနေမိတော့တယ်။ မေဖူးအတွက်တော့ နည်းနည်းတော့ ကျွဲမြီး တို စရာပဲ။

" မင်း သိလား ငါ့မှာ နာမည် ရှိတယ်။"

သူမ အသိပေးလိုက်တယ်။

"ငါ့ကိုယ်ငါ မှည့်ထားတာ"

"တကယ်….။ ငါတစ်ခါမှ မကြားမိပါလား။"

"ဘယ်သူမှမသိဘူးလေ"

"မင်း ငါ့ကို မေဖူးလို့ ခေါ်မလား။"

"မြက်တွေ၊ အရွက်တွေလိုမျိုးလား။"

"မှန်တယ်။ သူ့ထက်ကောင်းတဲ့ နာမည်မရှိဘူး။ သူက ကောင်း တဲ့ အတိတ်နိမိတ်နဲ့လေ။"

ဘဲရိုင်းစိမ်း 'မေဖူး' ဆိုတဲ့ဝေါဟာရကို စဉ်းစားကြည့်တယ်။ တစ်ချိန်လုံး သူ့အမြီးက အဆီကို သူ့တောင်ပံမှာ နှုတ်သီးနဲ့ ဆွဲယူပြီး

သုတ်လိမ်းပေးနေတော့တယ်။

“အဖူးဆိုတာ ပန်းပွင့်တို့ရဲ့မိခင်”

မေဖူးက ရှင်းပြလိုက်တယ်။

“သူက အသက်ရှူတယ်။ မိုးဒဏ်လေဒဏ်လည်း ခံနိုင်တယ်။ နေရောင်ခြည်ကို ထိန်းသိမ်းထားနိုင်တယ်။ ပန်းပွင့်ဖြူတွေကို အား ကောင်းစွာပွင့်ဖို့ စောင့်ရှောက်တယ်။ အဖူးမရှိရင် အပင်ဆိုတာ မရှိဘူး။ အဖူးဆိုတာ အသက်ရှင်မှုရဲ့အခရာ”

“မေဖူး.. တကယ့်ကိုမင်းအတွက် ပြည့်စုံတဲ့နာမည်ပဲ”

ဘဲရိုင်းစိမ်း သဘောတူလိုက်တယ်။ မေဖူးလည်း ကျေနပ်သွား တယ်။ သူမ သိလိုက်တယ်။ သူ ဘာကြောင့် ညဘက်မှ ဆူဆူပူပူလုပ် နေတတ်လဲ ဆိုတာကို အပြစ်တင်မယ့်အစား နားလည်မှုပေးနိုင်အောင် ကြိုးစားသင့်ကြောင်းကိုပေါ့။ ဘဲရိုင်းစိမ်း ရေးကြီးသုတ်ပျာ ပြန်လာ တယ်။ ‘မင်းမှာ ဒီလို လှပတဲ့အမည်မျိုး ပေးမထားသည့်တိုင်အောင် မင်းဟာကြီးမြတ်တဲ့ ကြက်မတစ်ကောင်ပါပဲ။ ငါ ဒါကို ပြောချင်တာ ပါ။’

မေဖူးက သူမမှာ အပြစ်ရှိတယ်လို့ ခံစားရပါတယ်။ ပျာယာ လည်း ခတ်သွားတယ်။ ဘဲရိုင်းစိမ်းများ အမှန်တရားကိုသိသွားရင် ဘာတွေများ တွေးနေပါ့မလဲလို့ စဉ်းစားနေမိတယ်။ သူ အံ့အားသင့် သွားမယ်။ ပြီးတော့ စိတ်လည်း ပျက်သွားလိမ့်မယ်။ သူ့ကိုမျက်လုံးချင်း မဆုံဝံ့ဘဲ မေဖူးဝပ်ကျင်းဆီ ပြန်သွားပြီး ဥအပေါ်နေသားတကျ ပြန်နေ လိုက်တယ်။ ခုမှတော့ သူမ ဘာများတတ်နိုင်ပါဦးမလဲ။ သူမ ဘယ်သူ့ ကိုမှ ပြောပြမှာ မဟုတ်ဘူး။ သူမချစ်တဲ့ သူငယ်ချင်းကိုတောင်မှ မပြော ဘူး။ ဒါ ငါ့ကလေး။ ငါခု သူ့ကို မွေးနေတာ၊ ငါ သူ့ကို ကျွေးမွေး စောင့်ရှောက်မယ်။ ဒါဆို ငါ့ကလေး ဖြစ်ရောပေါ့။ သူမ စကားလမ်း

ကြောင်း ချက်ချင်းပြောင်းပြီးတော့

"မင်းညာဘက်အတောင်ပံက ဘာဖြစ်တာတုံး။ ဘဲဖြူမကကော ဘယ်ရောက်သွားလဲ။"

ဘဲရိုင်းစိမ်း ခေါင်းထောင်လာတယ်။ သူ့ကိုယ်အမူအရာ၊ နှုတ်အမူအရာလည်း ချက်ချင်းပြောင်းသွားတယ်။ သူမကတော့ ပြောသင့် မပြောသင့် မသိဘူးလေ။ ဘဲရိုင်းစိမ်းရဲ့ လည်ဆံမွေးကြမ်းကြမ်းလည်း တောင့်တောင့်ကြီး ထောင်လာတယ်။ အသားစားဖျံညီိုနဲ့ တွေ့တုန်းကလိုပါ။ သူ မှင်တက်မိပြီး ပတ်ဝန်းကျင်ကို ရုတ်တရက် ကြည့်လိုက်တယ်။ အရေးကြီးတာတစ်ခုခုကို မေ့နေတဲ့အလားပဲ။ မေဖူးက သူ့ကို စိတ်ဆိုးသွားအောင်လို့ မရည်ရွယ်ပါဘူး။

"ငါထင်ထားတာက နင်တို့နှစ်ယောက်အတူတူ စပါးကျီကို စွန့်ခွာခဲ့တယ် ထင်လို့ပါ။"

သူမက ညင်သာစွာ ပြောလိုက်ပါတယ်။

"ငါသိပါတယ်။ မင်းကို ဘယ်သူမှမလိုလားဘူး ဆိုတာကို။ ဒါတောင်မင်းက အမြဲတမ်း အထီးကျန်တစ်ယောက်အနေနဲ့ နေနိုင်သေးတယ်။ အိုး၊ ငါဆိုလိုတာက ငါ ဘာကို ပြောချင်လဲဆိုတော့...။'

ဘဲရိုင်းစိမ်း တစ်ခွန်းမှပြန်မပြောဘူး၊ မေဖူးက နောက်တစ်ကြိမ်ကြိုးစားရင်း–

"ဘဲဖြူမက နင့်အဖော် မဟုတ်လား။ ဟုတ်တယ်နော်။ ငါက နင့် သူငယ်ချင်း၊ ဒါပေမဲ့ ငါ...."

"ငါ နင့်ကို ပြောနေတယ်၊ တော်ပါတော့လို့..."

ဘဲရိုင်းစိမ်းက ငေါက်ဆတ်ဆတ်နဲ့ စကားဖြတ်ပြောလိုက်ပြီး စိတ်ဆိုးမာန်ဆိုး ခုန်ထွက်သွားတယ်။ ခါတိုင်းထက် ဒေါသ တထောင်းထောင်းနဲ့ ပိုလှုပ်ခါထွက်သွားတယ်။ မေဖူးကတော့ သူ ဘာကြောင့်

ဒီလောက်တောင် စိတ်ဆိုးသွားတယ်ဆိုတာ မသိပါဘူး။ချက်ချင်း သူပြန်လှည့်လာတယ်။ စိတ်ဆိုးမာန်ဆိုးရှိတုန်းပဲ။ သူ့အသံ ကို နှိမ့်ပြီး အသံမာခေါက်ခေါက်နဲ့ "လမိုက်တာ မြန်တယ်။ ဒါဟာ ဥအမြန် ပေါက်မယ့် သဘောပဲ။"

"မှန်တယ်။ ဒါက လွန်ခဲ့ပြီ။"

"မေဖူး.. နင်က အရမ်းပညာဉာဏ်ရှိတဲ့ကြက်မပဲ။ ဒါကြောင့် နင်ဘာလုပ်ရမယ်ဆိုတာ နင်သိမှာပါ။ ငါ နင့်ကို နည်းနည်းတော့ အသိပေးပါရစေ။ ဥပေါက်ပြီဆိုတာနဲ့ ဒီနေရာမှာမနေနဲ့တော့။ ပြီးရင် ရေလှောင်ကန်ကိုသွား။ ခြံဝင်းထဲ မဟုတ်ဘူးနော်။ အိုကေ။ လဆုတ် ရက်ဆိုတာနဲ့ ဒီကောင် ဗိုက်က ဆာလောင်နေပြီ။"

ဘဲရိုင်းစိမ်းက သူပါ လစ်မယ့်ပုံစံအတိုင်း ပြောလိုက်တယ်။ သူ သူမကို စိတ်ဆိုးနေတာလား။ ပြီးတော့ တစ်ကြိမ်တည်းမှာ သူမကို အများကြီး လျှောက်ပြောနေတော့တယ်။ ဒါတွေကို သူမ သိပ် နား မလည်ဘူး။

"နင်ဘာကိုဆိုလိုတာလဲ။ ဖျံညို ဗိုက်ဆာလောင်နေပြီဆိုတာ။"

မေဖူး မေးလိုက်တယ်။

"ဒါလည်း အဆင်ပြေနိုင်ပါတယ်လေ။ ဒါပေမဲ့ ငါ နင့်ကို အရေး ကြီးတာတစ်ခု မှာလိုက်မယ်။ ခြံဝင်းထဲကို မသွားနဲ့။ ရေလှောင်ကန် ဘက်ကိုပဲ သွား။"

"ဘာကြောင့်လဲ"

ဘဲရိုင်းစိမ်း ပြန်မဖြေဘူး။ သူ ခပ်သွက်သွက် လျှောက်သွား တယ်။ ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်ရင်း တောင်ကုန်းပေါ် တက်သွားလိုက်တာ မမြင်နိုင်လောက်တဲ့ အကွာအဝေးထိတိုင်ပါပဲ။ မေဖူး တောင့်တင်းသွားတယ်။ ဖျံညိုအကြောင်း ကြားလိုက်တာ စိတ်

မသက်သာလိုက်တာ။ နှင်းဆီရိုင်းချုံအသိုက်ကို တွေ့ပြီး နောက်ပိုင်း သူမအာရုံထဲမှာ ဖျံညိုကို မေ့ဖျောက်ထားလိုက်တယ်။ သူမ အရောင် တဝင်းဝင်းတောက်နေတဲ့ သူ့မျက်လုံးတွေကို မမြင်ရတော့တာ သည်အသိုက်အမြဲကို ရောက်ပြီးကတည်းကပါပဲ၊ တကယ်လို့များ ဖျံညိုများ သူမကို တွေ့သွားလို့ကတော့ သူမ သေသင့်ပါတယ်။ သူမကလေးလည်း အနာတရဖြစ်လိုက်မယ့် ဖြစ်ခြင်း။ ချောက်ချား စရာအတွေးတွေ ဖြစ်ပေါ်လာနိုင်တယ်။

ညဘက် ရောက်လာတယ်၊ မေဖူး ဖျံညိုကို အတွေးထဲက မဖျောက်နိုင်ခဲ့ဘူး။ ညလေအေးက မြက်ပင်တွေပေါ် တိုက်ခတ်လာ တိုင်းနဲ့ လရောင်ဆမ်းထားတဲ့အရွက်တွေ တရှဲရှဲမြည်တိုင်းမှာ သူမ နှလုံးသားတွေဟာ ရပ်တန့်သွားမလားပဲ။ ဘဲရိုင်းစိမ်းကတော့ နှင်းဆီ ရိုင်းချုံအပြင်ဘက်မှာ သူ့ခေါင်းကိုအတောင်ကြားထဲ သွင်းပြီး ပုဝပ်လို့ လေ။ ဒါလည်း သူမစိတ်ကို သက်သာစေပါတယ်။ သူမ ကြောက်စိတ် လည်း သူ့ မတော်မတည့်ကလေးကြည့်လိုက်ရရင်ကို နည်းနည်း သက်သာသွားနိုင်ပါတယ်။

အတွေးတစ်ခု ချက်ချင်း သူမ ခေါင်းထဲဝင်လာပါတယ်။ ညဘက်မှာ ဖျံညိုရန်ကြောင့်များ ဘဲရိုင်းစိမ်းက တမင်တကာ ဇီဇာ ကြောင်နေသလားပေါ့။ ဒီကောင့်ကို ကြောက်သွားအောင်များ လုပ် နေသလား။ ခုမှ မေဖူးအရိုးထဲက ကြောက်လာပြီး ပိုမို သတိထား လာတော့တယ်။ ဘာကြောင့်များ ငါ့ကို ကာကွယ်နေရပါသလဲ။ သူငယ်ချင်းတစ်ယောက်အနေနဲ့ ခပ်လှမ်းလှမ်းမှာနေရင် လုံလောက် ပါပြီ။ ငါကလည်း ဘဲပေါက်စ ငတိကလေးတစ်ကောင်လည်း မဟုတ်။ သူမကောင်းကင်ကို မော့ကြည့်လိုက်တယ်။ ကြယ်တွေက မလင်းလက် သလို လကလည်းမှိန်မှိန်ရယ်၊ မိုးရွာမယ့် လက္ခဏာပေါ့။ ချက်ချင်းပဲ

သူမ ကြက်သေကျင်းကို သတိရလိုက်တယ်။အဲဒီညကလည်း မိုးရွာခဲ့တာပဲ။ သူမကြောက်စိတ်ကို မဖယ်ရှားနိုင်တော့ဘဲ မေဖူး မတ်တတ်ရပ်လိုက်တယ်။ သူမ ဖျံညိုကို ရဲရင့်စွာ ရင်ဆိုင်လိုက်တော့မယ်။ သူမလက်သည်းတွေကို ထုတ်၊ သူမ တောင်ပံတဖျပ်ဖျပ်ခတ်ကာ အဲဒီကောင်ကို ရက်ရက်စက်စက်ခွပ်ပစ်လိုက်ဖို့ ပြင်ဆင်လိုက်တော့တယ်။ အသံကိုစူးစူးဝါးဝါးဟစ်အော်ပြီး အစွမ်းပြတိုက်ခိုက်ရုံပဲ ရှိတော့တယ်။ သူမအမှောင်ထုထဲကို အားစိုက်ကြည့်လိုက်တယ်။ ဖျံညိုလည်း အမှောင်ထုရဲ့ အခြားတစ်ဖက်မှာ ရှိကောင်းရှိနေပါလိမ့်မယ်။ သူ့မျက်လုံးဟက်တက်ရာနဲ့ ဒီဘက်ကိုကြည့်နေပြီး သူ့အသွားတုံးကို လျက်လို့သော်လည်းကောင်း၊ အစာအိမ်ဟောင်းလောင်းနဲ့ ရှိနေကောင်းရှိ နေမှာပါ။

"ထစမ်း... ဘဲရိုင်းစိမ်း"

မေဖူး အော်ပြောလိုက်တယ်။

ဘဲရိုင်းစိမ်း ခေါင်းထောင်ထလိုက်ပြီး

"ဥပေါက်ပလားဟေ့....။"

"မဟုတ်ဘူး။ ဒါပေမဲ့ ရက်တော့ကျော်နေပြီ။ ဘယ်လောက်များကြာဦးမလဲ ဆုံးဖြတ်ကြတာပေါ့။ သူက အရမ်းထွားတဲ့ ကြက်ထီးတစ်ကောင် ဖြစ်မှာပါ။"

မေဖူး အားရပါးရ လုပ်ရယ်လိုက်တယ်။ ဒါပေမဲ့ သူမကတော့ ကြောက်နေဆဲပဲ။

"ငါ တကယ်စိတ်ပူနေပြီ။ တကယ်လို့ ဖျံညိုလာရင် ဘာဖြစ်သွားမလဲ"

ဒါပေမဲ့ ဘဲရိုင်းစိမ်းကမေဖူးရဲ့ စိုးရိမ်ပူပန်မှုကို မျှဝေချင်ပုံမရဘူး။

"ကောင်းလိုက်လေ"

သူ အံ့အားသင့်စွာ ပြောလိုက်တယ်။

"အချိန်ကြာလေ၊ ကောင်းလေပဲ။ သူ့အမွေးကို ခါထုတ်ကာ နိုးထလာ ပြီးတော့ ပတ်ဝန်းကျင်ကို စူးစမ်းလိုက်တယ်။

မေဖူး အမှန်အတိုင်းပြောဆိုဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့ကို အစမှအဆုံးတိုင် စောင့်ရှောက်မှုပေးတဲ့ သူကို လိမ်ညာနေရတာကို လည်း စိတ်တော့ မကောင်းဖြစ်ရတယ်။

"ဘဲရိုင်းစိမ်းရေ… ငါ မင်းကို ပြောစရာရှိတယ်။ ငါ့မှာ ဆန္ဒတစ်ခု ရှိတယ်။ ငါဥတစ်လုံးကို သားဖောက်ပြီး အဲဒီကောင်လေးကို ကြည့်ချင်တယ်။ ဒါကတော့ ကြက်လျှောင်အိမ်ထဲမှာတော့ မဖြစ်နိုင်တဲ့စိတ်ကူးပဲ။ ကြက်ဥတွေ ဘယ်တော့မှ ထပ် မဥချင်ခဲ့ဘူး။ ငါ ထင်တယ်။ငါ ဘယ်တော့မှ လုပ်နိုင်မှာ မဟုတ်ဘူးလို့…။"

ဘဲရိုင်းစိမ်းက ဖြတ်ပြောလိုက်တယ်။

"မေဖူး နင်က အံ့သြဖွယ်ရာ မိခင်ကြက်မတစ်ကောင်ပဲဟာ။"

"ငါစေတနာအလျောက် ငါးဖမ်းပေးတဲ့အလုပ်တော့ မလုပ်နိုင်ဘူး။"

"မလုပ်နိုင်ဘူး ဟုတ်ပါတယ်။ ငါက မပျံနိုင်တဲ့ ဘဲရိုင်းစိမ်း တစ်ကောင်။ မင်းကတော့ အန္တိုင်းမဲ့တဲ့ ကြက်မတစ်ကောင်ပဲလေ။"

"ဟုတ်တယ်။ ဒါပေမဲ့…။"

"ဒါပဲလေ၊ ငါ ဆိုလိုတာက။ ငါတို့ဟာ သွင်ပြင်အားဖြင့် ခြားနားကြတယ်။ ဒါကြောင့် တစ်ယောက်ရဲ့ အတွင်းစိတ်ကိုတစ်ယောက်က နားမလည်ကြဘူး။ ဒါပေမဲ့ ငါတို့နည်း ငါတို့ဟန်နဲ့တော့ တစ်ဦးကို တစ်ဦး ချစ်ခင်ကြတယ်။ ငါ မင်းကို လေးစားပါတယ်။"

မေဖူးရဲ့လည်ချောင်းထဲမှာ သည်းသွားတယ်။ တစ်ခါတလေ လည်း သူက မေဖူးကို ပဟေဠိတွေ လုပ်တတ်တယ်။

"ငါတို့ တစ်ဦးကိုတစ်ဦး နားမလည်ဘူး ဆိုရင်တောင်မှ၊ ဘယ်လို။"

"ဒီလိုကွာ၊ ငါ သိတယ် မင်းဟာ အံ့ဩဖွယ်ရာ မိခင်တစ်ယောက်ဆိုတာကို" ဘဲရိုင်းစိမ်း ခိုင်ခိုင်မာမာ ပြောလိုက်တယ်။ မေဖူးကတော့ သူ့နှုတ်သီးကို စေ့ထားပါတယ်။ ဥကလေးဟာ ဒီထက်ပိုပြီးတော့လည်း သိပ်အရေးကြီးပုံမရဘူးလို့ တစ်နည်းနည်းအားဖြင့် ဝန်ခံနေတယ်။

"ငါ အဲဒီဖျံညီကို သိတယ်။"

ဘဲရိုင်းစိမ်း ဆက်ပြောပြန်တယ်။

"သူက အမဲလိုက်သမားအဖြစ် မွေးဖွားလာခဲ့တဲ့ကောင်၊ ငါတို့ သူ့ကို မနိုင်နိုင်ဘူး။"

"သူက အခြား ငါ တွေ့ဖူးတဲ့အကောင်တွေထက် ပိုလည်း ထွားတယ် ပိုလည်း သန်တယ်။ ခုချိန်မှာအဆင် ပြေနေသေးသည့် တိုင်အောင် သူ နောက်ဆုံး တစ်နေ့မှာတော့ ငါတို့ကို သိမ်းပိုက်မှာပဲ။ ဒါတွေဖြစ်မလာခင် ငါတို့လုပ်စရာရှိတာတွေ လုပ်ထားရအောင်။"

မေဖူး သူပြောတာတွေကို သိပ်တော့ နားမလည်သည့်တိုင်အောင် သူအမှန်တွေ ပြောနေတာတော့ သိတယ်။ သူမ နှလုံးတဒုန်းဒုန်း စမြည်သွားတယ်။ မေဖူး တစ်ချိန်လုံး ဖျံညီအကြောင်း မစဉ်းစားဘဲ နေခဲ့တာကို မယုံကြည်နိုင်လောက်အောင်ပဲ။ ဘဲရိုင်းစိမ်း နှင်းဆီရိုင်း အသိုက်ကနေ ညည်းတွားရင်း ထွက်သွားလိုက်တယ်။

"ငါမျှော်လင့်မိတာက မနက်ဖြန် ဥပေါက်ဖို့ပဲ။ သိပ်နောက်မကျခင်ပေါ့။ ငါလည်း ပန်းလှပြီလေ။ ဖျံညီကတော့ အကြာကြီး အောင့်အည်းပြီး သည်းခံနိုင်မှာတော့ မဟုတ်ဘူး"

မေဖူး သူ့ကို တိတ်တဆိတ် လေ့လာမိတယ်။ သူမကတော့ သူမနဲ့ ဖျံညီကြားမှာ ဘာရှိမယ်မှန်း မသိဘူး။ ဒါကိုက သူမကို

ပိုပြီး ဂနာမငြိမ် ဖြစ်နေစေပါတယ်။ ဘဲရိုင်းစိမ်းကတော့ ဆက်ပြော နေပါတယ်။

"ငါတော့ အဆင်ပြေပါတယ်။ တကယ်လို့ သူ ဗိုက်ပြည့်နေ တယ်ဆိုရင်တော့ သူ ခဏတစ်ဖြုတ်တော့ ငြိမ်သက်နေမှာပါပဲ။ ကြက်ဥပေါက်ချိန်အထိတော့ ကြာမှာပါ။ ငါလည်းအဆင်သင့်ပဲလေ"

မေဖူးလည်း သူ့အသံကို မကြားနိုင်တော့။ ဘဲရိုင်းစိမ်း သူ့နေရာ ကို ပြန်သွားပြီး သူ့ခေါင်းကို အတောင်အောက်မှာ ဝှက်ထားလိုက်ပြီး အိပ်လိုက်ပါတော့တယ်။ မေဖူးရဲ့အမွေးအတောင်တွေကတော့ ဘဲရိုင်း စိမ်း ဖျံညီအကြောင်း ပြောထားခဲ့လို့ထောင်လျက်ပါပဲ။ သူမ ဥကို လှည့် ပေးလိုက်တယ်။ ဘဲရိုင်းစိမ်း ဒီမှာ ရှိနေလို့ကတော့ ဘာမှ မဖြစ် နိုင်ပါဘူး။ မိုးလည်း လင်းတော့မှာလေ၊ အရာရာကတော့ ငြိမ်သက် ဆဲပဲ။ မြက်ပင်တွေရဲ့ ပွတ်တိုက်သံတွေလည်း မကြားရအောင် ငြိမ်သက်နေပါတယ်။ မေဖူး စပြီး ငိုက်မျဉ်းလာတယ်။ သူမ မှေးခနဲ ဖြစ်သွားတယ်လေ။

"ဂတ်ဂတ်"

မေဖူး မျက်လုံးပြူးသွားတယ်။ ဘဲရိုင်းစိမ်း၊ သူ့ရဲ့တိုတောင်းပြီး ကြောက်စရာကောင်းတဲ့ အော်ဟစ်သံက သူမ နှလုံးသားမှာ ပဲ့တင် ထပ်သွားတယ်။ လရောင်ကင်းမဲ့တဲ့ ညအခါမှာ ဘဲရိုင်းစိမ်းက ရှိသမျှ အင်အားနဲ့ အတောင်ပံ တဖျပ်ဖျပ် ခါနေပါတယ်။ သတ္တဝါတစ်ကောင် ကောင်က သူ့နက်မှောင်တဲ့ခန္ဓာကိုယ်ကို ထွန့်ထွန့်လူးနေအောင် ကိုက်ခဲ ထားပါတယ်။ အော်ဟစ်သံတောင် မကြားတော့ပါ။ ဘဲရိုင်းစိမ်းရဲ့ ဇက် ပြုတ်သွားပုံရတယ်။ မေဖူး သိမ့်သိမ့်တုန်နေပါတော့တယ်။ ပြီးတော့ သူ့လည်ချောင်းကို ရှင်းလိုက်ပြီး

"ဘဲရိုင်းစိမ်း"

သူမအပြင်ကို ခုန်ထွက်ပြီး ပြေးနေလိုက်တယ်။ သူမ မျက်လုံးတွေက စိမ်းစိမ်းဝါးဝါးကြည့်လိုက်ပြီး သူမအတောင်ပံကို တဖျပ်ဖျပ်ခတ်လိုက်ပါတယ်။

ဖျံညိုကြောင်၊ သူ့ပါးစပ်မှာ ဘဲရိုင်းစိမ်းကို ကိုက်ပြီး သူမကို ကျောချမ်းသွားလောက်အောင် စိုက်ကြည့်လိုက်ပါတယ်။ မေဖူးရဲ့ နှလုံးတွေအေးခဲသွားလောက်ပါရဲ့။ ဖျံညိုရဲ့ ဝင်းတောက်နေတဲ့ အကြည့်တွေက သူမကို အနားကပ်မလာဖို့ ခြိမ်းခြောက်နေပါတယ်။ မေဖူး ငြိမ်သက်နေလိုက်တယ်။ သူမရဲ့အတောင်ပံနဲ့ နှုတ်သီးတွေလောက်နဲ့တော့ မနိုင်လောက်ဘူး။ တုန်လှုပ်ချောက်ချားစွာနဲ့ပဲ သူမဟာ သူ့သူငယ်ချင်းရဲ့ပျော့ခွေနေတဲ့ ခန္ဓာကိုယ်ကိုဖျံညိုရဲ့ ပါးစပ်နဲ့ခဲပြီး တရွတ်တိုက်ဆွဲသွားတဲ့ ကြေကွဲဝမ်းနည်းဖွယ်ရာ ဇာတ်သိမ်းပိုင်းကို စောင့်ကြည့်နေရပါတယ်။

ဖျံညို အမှောင်ထဲမှာ ပျောက်ကွယ်သွားပါတယ်။ တောတန်းနဲ့ ကွင်းပြင်ကြီးတစ်ခုလုံးလည်း လျင်မြန်စွာ ငြိမ်သက်သွားပါတယ်။ တန်ဖိုးရှိလှတဲ့ အသက်ဇီဝိန်တစ်ချောင်း ခဏတာ အတွင်းချုပ်ငြိမ်းပျောက်ဆုံးသွားသည့်တိုင်အောင် ကမ္ဘာကြီးကတော့ ဣန္ဒြေမပျက် ငြိမ်သက်လျက်ပါ။ သစ်ပင်တွေ၊ ကြယ်တွေ၊ လတွေနဲ့ မြက်ပင်တွေက သူတို့ မသိသလို နှုတ်ဆိတ် ငြိမ်သက်နေကြပါတယ်။ မေဖူး ဖျံညို နောက်ကို အပြေးလိုက်သွားပါတယ်။

ဒါပေမဲ့ အဲဒီမှာအမှောင်ထုပဲ ရှိတယ်။ အဲဒီကောင်ရဲ့ ဘာ အစအနကိုမှ မမြင်ရပါ။ တစ်ခုခု ဘာကိုဖြစ်ဖြစ် အနည်းဆုံး အမွေး အတောင်ကိုဖြစ်ဖြစ် တွေ့လိုတွေ့ငြား မေဖူး မှောင်မည်းနေတဲ့ကုန်းပေါ် အနှံ့ လိုက်ရှာနေမိတယ်။ သူမ မျက်ရည်မထိန်းနိုင်အောင် တွေတွေ ကျနေပါတယ်။ ဘဲရိုင်းစိမ်းတော့ သေရှာပါပြီ။ သူ့ကို သူမ ဘယ်လိုမှ

အကူအညီမပေးလိုက်ရဘူး။ သူမ မိုက်မဲစွာ ကြောက်စိတ်တွေ ဝင်နေခဲ့ပါတယ်။ သူ တစ်ယောက်တည်း သေသွားရရှာပါတယ်။ ဖျံညိုရဲ့မျက်လုံးအကြည့်တွေက သူမရဲ့အရိုးထဲထိ စိမ့်သွားစေပါတယ်။ ကြက်လျှောင်အိမ်ကနေ ထွက်ခွာခဲ့တဲ့ကာလ နောက်ပိုင်း ဖျံညိုရဲ့အကြည့်တွေက သူမနောက်ထက်ကြပ်မကွာ နောက်ယောင်ခံလိုက်ခဲ့ပါတယ်။ ဘဲရိုင်းစိမ်းက သူမကို သည်နှင်းဆီရိုင်းချုံအသိုက်ဟာ မလုံခြုံကြောင်း သိစေခြင်းဖြင့် အကာအကွယ်ပေးလိုက်ပါတယ်။ သူဟာ ညတိုင်း မအိပ်မနေဘဲ သူမနဲ့ ဥကလေးကို ဖျံညိုရန်က ကာကွယ်စောင့်ရှောက်ပေးခဲ့ပါတယ်။

"ဒီည မင်း ဘာလို့ မအိပ်ဘဲ မနေခဲ့တာလဲ။"

"မင်း ဘာလို့ ဒီည တစာစာအော်ပြီး သတိမပေးနိုင်ခဲ့တာလဲ"

"အသုံးမကျလိုက်တာ"

သူ ခြေကုန်လက်ပန်း ကျသွားပုံရတယ်။ မေဖူး တုန်တုန်ယင်ယင် ဖြစ်နေပါတယ်။ သေသင့်တဲ့သူက သူမပါ။ အရာအားလုံး ခဏတာအတွင်း ပြီးဆုံးသွားခဲ့ပြီလေ။

တစ်မိုး သောက်ခဲ့ပြန်ပါပြီ။ နေမင်းကြီးက ရေလျှောင်ကန်ရဲ့တစ်ဖက်ကနေ ထွက်လာပါပြီ။ မြူတွေဆိုင်းပြီး ခါတိုင်းလို စွတ်စိုနေပါတယ်။ ဘဲရိုင်းစိမ်း ထိုင်နေကျနေရာမှာတော့ လင်းလို့ပေါ့လေ။ နေမင်းကြီးကို ကြည့်ပြီး သူ့အမွေးတွေကို ခါတတ်တဲ့သူကတော့ မရှိတော့ပါဘူး။ မေဖူး သူ့ကို ဘယ်တော့မှ မမေ့ကြောင်း ဦးညွှတ်လိုက်ပါတယ်။ နေမင်းဘက်ကြည့်ပြီး တောင်ပံခတ်ကာ သူမရဲ့ သူငယ်ချင်းကို နှုတ်ဆက်လိုက်ပါတယ်။ အိုး၊ ခုဆို ဥကလေးတစ်လုံးတည်း ကျန်ခဲ့တာကြာလှပေါ့။ မေဖူး နှင်းဆီရိုင်းချုံအသိုက်ရှိရာ ခပ်သော့သော့ပြေးသွားလိုက်ပါတယ်။ သူမ မျက်စိတောင် သူမ မယုံနိုင်အောင်ပါပဲ။

သားပေါက်လေးတစ်ကောင် ဥခွံထဲက ဒယီးဒယိုင် ထွက်လာနေပါတယ်။

ဥခွံကို သူ့ဘာသာသူ ခွဲထွက်လာခဲ့တာပါ။ အံ့ဩချီးမွမ်းဖွယ်ရာ သားပေါက်ကလေးက မေဖူးကို ကြည့်နေပါတယ်။ သူ့ရဲ့မျက်လုံးနက်နက်က တောက်ပနေလေရဲ့။

“အိုးဘုရားရေ။”

မေဖူး မှင်တက်မိပြီး ရပ်နေမိတယ်။ သူမ သိထားပါတယ်။ ဥထဲမှာ ကလေးတစ်ကောင် ရှိနေတယ် ဆိုတာကို။ ဒါပေမဲ့ အခုဟာက တကယ့်အိပ်မက်ပါပဲ။ မျက်လုံးလေးတွေ၊ အတောင်ပံလေးတွေ၊ ခြေထောက်ကလေးတွေ အရာအားလုံးဟာ တကယ့်ပိစိကွေးလေးတွေ။ ဒါပေမဲ့ အားလုံးဟာ လှုပ်ရှားနိုင်ပြီး၊ လှုပ်ရှားမှုလေးတွေကလည်း ဖြည်းဖြည်းလေးနဲ့ ချစ်စရာလေး။

“ကလေးရေ၊ ဒီကိုလာ။”

မေဖူး သူ့ဆီ ပြေးသွားပြီး အတောင်ပံဖြန့်လို့ ထွေးပွေ့လိုက်တယ်။ သူက ပီဘိကလေး၊ အားလုံးက သေးကွေးနွေးထွေးနေပါတယ်။ ဘဲအုပ်တွေ ရေလျှောင်ကန်ဘက်သွားတဲ့အသံကို သူမ ကြားလိုက်ရပါတယ်။အပြင်ဘက်မှာတော့ မနေ့တစ်နေ့ကလို ဘာမှပြောင်းလဲမှုမရှိပါ။ ဒါပေမဲ့ သူမအတွက်ကတော့ ဒီနေ့ဟာ မင်္ဂလာနံနက်ခင်းပါ။

ကွင်းပြင်ရဲ့ နေရာတော်တော်များများမှာတော့ အရာရာဟာ အနှောင့်အယှက်ကင်းစွာ ဖြစ်ပျက်နေပါတယ်။ တချို့က သေဆုံးပြီး တချို့က မွေးဖွားနေမြဲပါ။ တစ်ခါတစ်ရံ ခွဲခွာခြင်းနဲ့တွေ့ဆုံခြင်းဟာ တစ်ချိန်တည်းမှာ ဖြစ်တတ်ပါတယ်။ မေဖူး သိတယ်။ သူမ ကြာကြာ လွမ်းနိုင်မှာ မဟုတ်ပါဘူး။

❑